# ရိုးရာအုတ်ပူမီးဖုတ်ဖြင့် လူနာများအား ကုသခြင်း

ခင်သန်းနွဲ့ (တောင်ကြီး)

ဆေးပညာတိုင်းသည် လူသားကို ခံစားနေသော ရောဂါဝေဒနာများကို ပျောက်ကင်းအောင် ကုသပေးခြင်းနှင့် ရောဂါဝေဒနာကို ကြိုတင်ကာကွယ်တတ်ရန် ပညာပေးခြင်းတို့ဖြင့် လူသားတို့ကို ကျန်းမာရေး စောင့်ရှောက်ပေးခြင်းပင်ဖြစ်သည်။ မိမိသည် တိုင်းရင်းဆေးပညာ၏ အံ့သြဖွယ်ရာ အတွေးအခေါ် အယူအဆ ကိုယ်ခန္ဓာ၏ ဖောက်ပြန်ပြောင်းလဲမှု၊ ရာသီဥတု၏ လူသားတို့အပေါ် သက်ရောက်မှု၊ သဘာဝသယံဇာတ အရင်းအမြစ် သစ်ပင်ထွက်၊ ရေထွက်၊ မြေထွက်၊ တိရစ္ဆာန်ထွက်ပစ္စည်းများ၏ အသုံးဝင်မှုတို့ကို စာတွေ့လက်တွေ့ လေ့လာခဲ့ပါသည်။ ယခုစာတမ်းကို မိမိကိုယ်တိုင် အုတ်ပူမီးဖြင့် ကုသမှုခံယူရာ ပျောက်ကင်းခဲ့မှု၊ နာတာရှည်လူနာ( ၂) ဦးနှင့် အရေးပေါ်လူနာ(၃) ဦးအား မိမိကိုယ်တိုင် အုတ်ပူမီးဖုတ်ဖြင့် ကုသမှု ပြုလုပ်ဆောင်ရွက်ပေးခဲ့ရာ ပျောက်ကင်းခဲ့မှုတို့အား အခြေခံ တင်ပြထားပါသည်။ စာတမ်းတွင် အုတ်ပူမီးဖုတ် ပြုလုပ်ပုံ အသုံးပြုသော ဆေးများနှင့်ကုသပုံ အပြင် ဆောင်ရန် ရှောင်ရန်တို့ကို မှတ်တမ်းပြုစုလျက် ကုထုံးသုတေသနအဖြစ် ဖော်ထုတ်ခြင်းဖြစ်ပါသည်။